**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**ဌာနခွဲ (၆)**

**(အစိုးရအမှုထမ်း အရာထမ်းများအား၊ နိုင်ငံခြားသို့ အခမဲ့ဆေးဝါးကုသရန် အခွင့်အရေးပေးသည့် နည်းဥပဒေများ)**

**အမှတ် ၈၆**

**ရန်ကုန်မြို့၊ ၁၃၁၈ ခု၊ တပို့တွဲလဆန်း ၈ ရက်။**

**(၁၉၅၇ ခု၊ ဖေဖော်ဝါရီလ ၇ ရက်။)**

အမှတ် ၈၆။ ။ နိုင်ငံတော် သမတသည်၊ အစိုးရအမှုထမ်းအရာထမ်းများအတွက် အခမဲ့ဆေးဝါးကုသရေးနှင့် ပတ်သက်သော မူလအခြေခံနည်းဥပဒေအတွဲ ၂၊ နောက်ဆက်တွဲ ၁၄၊ အခဏ်း ၂ နှင့် ၃ တွင်ပါရှိသော နည်းဥပဒေများအပြင်၊ အောက်ဖော်ပြပါ နည်းဥပဒေများကို ထုတ်ပြန်ကျေညာလိုက်သည်။

ဤဥပဒေကို အစိုးရအမှုထမ်း အရာထမ်းများအား၊ နိုင်ငံခြားသို့ အခမဲ့ဆေးဝါးကုသရန် အခွင့်အရေးပေးသည့် နည်းဥပဒေဟုခေါ်တွင်စေပြီး၊ ၎င်းကို ၁၉၅၄ ခု၊ ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ အတည်ဖြစ်စေရမည်။

**နည်းဥပဒေများ**

၁။ မြန်မာနိုင်ငံတော်အတွင်း၌ ကု၍မရနိုင်သော ရောဂါများကို အောက်ပါစည်းကမ်းချက်များအရ၊ နိုင်ငံ ခြားကို အစိုးရစရိတ်ဖြင့်သွားရောက်ကုသခွင့်ပြုမည်။

(က) ဝေဒနာရှင် ဖြစ်သော အစိုးရအမှုထမ်းမှာ အမြဲတန်းဖြစ်ရမည်။

(ခ) ဝေဒနာရှင် အစိုးရအမှုထမ်းသည်၊ သက်ဆိုင်ရာဆရာဝန်နှင့် ဦးစွာပဌမစစ်ဆေးပြီး-

(၁) တွေ့ရှိရသည့်အချက်အလက်။

(၂) မည်ကဲ့သို့ရောဂါကုစားခဲ့သည်။

(၃) ပြည်တွင်းတွင် ကုသနိုင်စွမ်းမရှိ၍ နိုင်ငံခြားသို့ သွားရောက်ကုသရန် လိုသည်ဟူသော ထင်မြင် ချက်၊ အကြံပေးချက်စုံလင်စွာပါသော မှတ်တမ်းတခုကို ရေးဆွဲရမည်။ တတ်နိုင်ပါက နိုင်ငံခြားသို့ သွားရောက် ကုသရမည့်ဒေသကိုပါ ဖော်ပြရမည်။ လူနာကို စစ်ဆေးသောဆရာဝန်သည်၊ မိမိ၏လူနာမှတ် တမ်းနှင့် သက်ဆိုင်ရာစာရွက်စာတမ်းများကို၊ ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်ထံသို့ ပေးပို့ရမည်။

(ဂ) ကျန်းမာရေးဌာနညွှန်ကြားရေးဝန်သည်၊ လူနာမှတ်တမ်းနှင့် သက်ဆိုင်ရာစာရွက်စာတမ်းများ ရရှိ သည်နှင့်တပြိုင်နက် အထူးဆေးအဖွဲ့တခုကို အလျင်အမြန်ဖွဲ့စည်းရမည်။ ထိုအထူးဆေးအဖွဲ့တွင်၊ ကျန်း မာရေးဌာနညွှန်ကြားရေးဝန်သည်၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရမည်ဖြစ်၍ ဆေးဝါးကုသသော ဆရာဝန်ကြီး တဦးနှင့် ခွဲစိတ်ကုသသော ဆရာဝန်ကြီးတဦးအပြင် အခြားအတိုင်ပင်ခံ အထူးဆရာဝန်ကြီးတဦးတို့ဖြင့် အောက်ပါအချက်အလက်များကို အထူးဂရုစိုက်၍ စစ်ဆေးရမည်။



Myanmar Law Information System (MLIS)

(၁) ရောဂါ၏သဘောထား။

(၂) အလုပ်ဝတ္တရားများကြောင့် ရရှိသောရောဂါ၊ သို့မဟုတ် အလုပ်အခြေအနေကို အကြောင်းပြု၍ ဖြစ် ပေါ်လာသော ရောဂါ ဟုတ်မဟုတ်၊ ရောဂါဝေဒနာမှာ အစိုးရအမှုထမ်းရာ၌ ရိုးရိုးသဘောဖြင့်ပေါ်ပေါက် လာသော ရောဂါမျိုးသာဖြစ်စေရမည်။ အစိုးရအမှုထမ်းကိုယ်တိုင်က အလွန်အကျူး မိမိကိုယ်ကို မိမိဝေဒနာ စွဲကပ်လောက်အောင် မဆင်ခြင်ဘဲပြုကျင့်၍ ရရှိလာသောရောဂါဝေဒနာများနှင့် သက်ဆိုင်ခြင်းမရှိစေ ရ။

(၃) ပြည်တွင်း၌ ထိုရောဂါကုသရန် ဖြစ်နိုင် မဖြစ်နိုင်။

(၄) ကုသ၍ရမည့်ရောဂါ ဟုတ် မဟုတ်။

(၅) လူနာသည် ခရီးသွားရန်တော် မတော်။

(၆) ဆေးကုသရမည့်နေရာ၊ နိုင်ငံခြားတွင် ကုသမည့်နေရာနှင့် ၎င်းနေရာကို မည်သည့်အကြောင်း ကြောင့် ရွေးချယ်ရခြင်း။

(၇) လိုအပ်သောခွင့်ရက်။

အထက်ဖော်ပြပါ အချက်အလက်များကို စစ်ဆေးပြီးမှသာလျှင် အထူးဆေးအဖွဲ့၏ သဘောတူညီကြောင်း ဆုံးဖြတ်ချက်အရ၊ ဝေဒနာရှင်အစိုးရအမှုထမ်းအား၊ အစိုးရစရိတ်နှင့် နိုင်ငံခြားသို့ သွားရောက်ကုသခွင့် ပြုမည်။ ရောဂါဝေဒနာကိုကုစားရာတွင် နှောင့်နှေးပါက၊ ရက်ပိုင်းနာရီပိုင်းအတွင်း အသက်ဆုံးရှုံးစေနိုင်သော ရောဂါမျိုးဖြစ်ခဲ့သော်၊ လူနာရှင်အား၊ လေကြောင်းခရီးဖြင့် အသုံးပြုခွင့်ပြုမည်။ သို့ရာတွင် ဝေဒနာရှင်အသဲအသန်မဟုတ်ဘဲ၊ တမဟုတ်ခြင်း အသက်ဆုံးရှုံးဘွယ်ရာမရှိပါက လေကြောင်းခရီးဖြင့်အသုံး မပြုစေဘဲ၊ စရိတ်သက်သာသော အခြားခရီးစရိတ်ဖြင့်သာလျှင် အသုံးပြုရမည်။ ယင်းသို့ နိုင်ငံခြားသို့ သွားရောက်ကုသခွင့်ပြုသောအမိန့်ကို မထုတ်ပြန်မီ သက်ဆိုင်ရာဝန်ကြီးဌာနက ဘဏ္ဍာရေးနှင့် အခွန် တော်ဝန်ကြီးဌာန၏ သဘောတူညီချက်ကို ရှေးဦးစွာ ကြိုတင်တောင်းခံယူရမည်။

အထက်ဖော်ပြပါ အခွင့်အရေးတို့ကို၊ အမြဲတန်းအစိုးရအမှုထမ်းများသာလျှင် ခံစားခွင့်ရှိ၍၊ ၎င်းတို့၏ အိမ်ထောင်စုများနှင့်တကွ ပင်စင်ယူပြီးမှ ခေတ္တခဏပြန်လည်အလုပ်ဝင်လုပ်သော ပင်စင်စားများနှင့် လည်း လုံးဝမသက်ဆိုင်ပါ။

**မှတ်ချက်**။ ။ နိုင်ငံခြားသို့ အစိုးရစရိတ်ဖြင့်သွားရောက် ကုသခွင့်ပြုသည်ဆိုရာ၌ ဟော်တယ်စရိတ်များမှအပ အသွားအပြန်ခရီးစရိတ်၊ ဆေးရုံအခန်းခများ အပါအဝင်ဖြစ်သော ဆေးဝါးကုသရာ၌ ကုန်ကျသည့်စ ရိတ်အားလုံးကို ပေးမည်ဖြစ်ပါသည်။

၂။ နိုင်ငံခြားတွင် ဆေးကုသရာ၌ ကုန်ကျစရိတ်ကို ပြန်လည်တောင်းခံယူရာတွင် သက်ဆိုင်ရာဘောက် ချာစာရင်းများနှင့် တပါတည်းပူးတွဲတင်ပြပြီး၊ ၎င်းစာရင်းမှာ ဟုတ်မှန်ကြောင်းကို သက်ဆိုင်ရာတာဝန်ခံ ဆေးအရာရှိက နောက်ဆက်တွဲပုံစံ “A”၊ “B”၊ “C” အတိုင်း ထောက်ခံအတည်ပြုရမည်ဖြစ်ပါ ကြောင်း။

၃။ ဤကိစ္စနှင့်ပတ်သက်၍ ကုန်ကျငွေကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ရ-သုံးမှန်းခြေငွေစာရင်း ခေါင်းစဉ် “၃၁။ ဆေးဘက်ဆိုင်ရာ၊ ၄။ နိုင်ငံခြားတွင် ဆေးကုသနေသော အစိုးရအမှုထမ်းများ ဆေးဝါး ပစ္စည်းအခမဲ့ထောက်ပံ့ခြင်း”

အောက်မှထုတ်နုတ် သုံးယူရမည်ဖြစ်ပါသည်။ ၎င်းငွေကို ခေါင်းစဉ်လွှဲ ပြောင်းခြင်း စံနစ်နှင့်ဖြစ်စေ၊ သို့မဟုတ် နောက်ထပ်ဖြည့်စွက်ငွေတောင်းယူခြင်းနှင့်ဖြစ်စေ သုံးယူရပါ မည်။

အမိန့်အရ၊

သိန်းဖေ၊

ဒုတိယအတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊

ကျန်းမာရေးဝန်ကြီးဌာန။

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 အစိုးရအမှုထမ်း အရာထမ်းများအား၊ နိုင်ငံခြားသို့ အခမဲ့ဆေးဝါးကုသရန် အခွင့်အရေးပေးသည့် နည်းဥပဒေများ၏APPENDIX A

Myanmar Law Information System (MLIS)